**အာရှအစီရင်ခံစာ အမှတ်** 348

ကော့ဘဇား၊ ဒါကာ၊ ဘရပ်ဆဲလ်၂၀၂၅၊ ဇွန်၁၈ရက်

**International Crisis Group** www.crisisgroup.org

**အစီရင်ခံစာ အနှစ်ချုပ်**

# ဘင်္ဂလားဒေ့ရှ်-မြန်မာ၊ ရိုဟင်ဂျာပုန်ကန်မှု၏ အန္တရာယ်များ

**အကြောင်းအရာသစ်က ဘာလဲ။** ရခိုင်ပြည်နယ်၏ နယ်မြေအများစုကို အာရက္ခတပ်တော် (အေအေတပ်ဖွဲ့) က သိမ်းပိုက်ချိန်မှစ၍ ရိုဟင်ဂျာလက်နက်ကိုင်တပ်ဖွဲ့များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဒုက္ခသည်စခန်းများရှိ ၎င်းတို့နယ်လုတိုက်ပွဲများကို ရပ်နားလိုက်ကြပြီး လူသစ်စုဆောင်းမှုကို အရှိန်မြှင့်တင်ခဲ့ကြသည်။ ထိုသို့ လူသစ်စုဆောင်းရာတွင် ရခိုင်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် အေအေကို တိုက်ခိုက်ရန် ဒုက္ခသည်များအား ဘာသာရေး ဆွယ်တရားများဖြင့် စည်းရုံးခဲ့ကြသည်။ တစ်ဆက်တည်းတွင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အေအေတပ်ဖွဲ့နှင့် စတင်၍ ထိတွေ့ဆက်ဆံလာပြီဖြစ်သည်။

**ဘာကြောင့်ဒီအကြောင်းအရာက အရေးပါသလဲ။** လက်ရှိအခြေအနေတွင် အေအေတပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်သည့် ရိုဟင်ဂျာလက်နက်ကိုင်ပုန်ကန်မှုတစ်ရပ်သည် မအောင်မြင်နိုင်သည့်အပြင် မြန်မာပြည်အတွင်းက လူ့အသိုင်းအဝိုင်းများအကြား ဆက်ဆံရေးကို အပြင်းအထန် ယိုယွင်းပျက်စီးစေနိုင်ပါသည်။ ရခိုင်ပြည်နယ်အတွင်းက ရိုဟင်ဂျာများသည် လက်နက်ကိုင်အဖွဲ့များပါဝင်သည့် ပဋိပက္ခစက်ဝန်းအတွင်း မြေစာပင်များဖြစ်လာနိုင်ဖွယ်ရှိသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းက ဒုက္ခသည်တစ်သန်းခန့်၏ နေရပ်ပြန်ရေးမျှော်လင့်ချက်များမှာလည်း သေနတ်သံများ၊ ယမ်းငွေ့များအကြား လွင့်ပြယ်သွားဖွယ်ရှိနေသည်။

**ဘာတွေလုပ်ဆောင်သင့်သလဲ။** ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်သင့်သည့်အပြင် တရားဝင်မဟုတ်သည့် ကုန်သွယ်မှုကိုလည်း ခွင့်ပြုသင့်ပါသည်။ တစ်ဆက်တည်းတွင် ဒုက္ခသည်စခန်းများအတွင်း ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၏ ထင်ရာစိုင်းဗိုလ်ကျမှုကိုလည်း ထိန်းချုပ်ကန့်သတ်သင့်ပါသည်။ အာရက္ခတပ်တော်ကမူ ရခိုင်ပြည်နယ်အတွင်းက လူ့အသိုင်းအဝိုင်းအားလုံးကို ကျောသား၊ ရင်သားမခွဲခြားဘဲ အုပ်ချုပ်သင့်ပြီး နိုင်ငံတကာအလှူရှင်များအနေဖြင့် ဒုက္ခသည်များကို ထိခိုက်နိုင်သည့် လူသားချင်းစာနာမှုအကူအညီများ လျှော့ချခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါသည်။

---

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အာရက္ခတပ်တော် (အေအေတပ်ဖွဲ့)က မြန်မာစစ်တပ်ကို အကြီးအကျယ် အနိုင်ယူလိုက်သောအခါ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များအတွက် အခွင့်အလမ်းတစ်ခု ပွင့်သွားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင် နှစ်ပေါင်းများစွာ အချင်းချင်း စားကျက်လု၊ တိုက်ခိုက်ကြပြီးနောက် ထိုရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များသည် ၂၀၂၄၊ နိုဝင်ဘာလတွင် အေအေတပ်ဖွဲ့ကို တိုက်ခိုက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူလိုက်ကြသည်။ ထိုလက်နက်ကိုင်အဖွဲ့များသည် ရခိုင်ပြည်နယ်အတွင်းက

PREVENTING WAR. SHAPING PEACE.

ရိုဟင်ဂျာမွတ်စလင်လူနည်းစုကို ကိုယ်စားပြုကြောင်း
ကြွေးကြော်ထားသည့် အဖွဲ့အစည်းများလည်းဖြစ်သည်။
အေအေတပ်ဖွဲ့ကမူ ပြည်နယ်အတွင်း လူများစု
ဗုဒ္ဓဘာသာဝင်ရခိုင်များ၏ ထောက်ခံမှု အပြည့်အဝရရှိ
ထားသည့် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ ထိုချိန်မှစ၍
ဒုက္ခသည်စခန်းများတွင် အကြမ်းဖက်မှုဖြစ်စဉ်များ ရုတ်
ချည်းလျော့ကျသွားပြီး ထိုရိုဟင်ဂျာအဖွဲ့များသည် လူ
သတ်စုဆောင်းမှုကို အကြီးအကျယ် စတင်ဆောင်ရွက်
ကြတော့သည်။ တစ်ဆက်တည်းတွင် ဘင်္ဂလားဒေ့ရှ်
အစိုးရသည် မြန်မာအတွင်းက နှစ်နိုင်ငံနယ်စပ်တစ်ခု
လုံးကို ထိန်းချုပ်ထားသည့် အေအေတပ်ဖွဲ့ကို ယာယီနှင့်
အကန့်အသတ်ဖြင့် စတင်၍ ထိတွေ့ဆက်ဆံနေချိန်လည်း
ဖြစ်သည်။ မြင့်တက်လာသည့် ရိုဟင်ဂျာလက်နက်ကိုင်
အဖွဲ့များ၏ အေအေအပေါ် တိုက်ခိုက်မှုများက ဘင်္ဂလား
ဒေ့ရှ်အစိုးရနှင့် အေအေတပ်ဖွဲ့ကြားက ဆက်ဆံရေးကို
ထိခိုက်စေနိုင်သည့်အပြင် မြန်မာပြည်အတွင်း ရိုဟင်
ဂျာအသိုင်းအဝိုင်းအပေါ် မလိုမုန်းထားမှုများကိုလည်း
ပို၍မြင့်တက်စေနိုင်ပါသည်။ ထိုအခြေအနေရောက်ရှိ
လာပါက ဘင်္ဂလားဒေ့ရှ်ရှိ တစ်သန်းခန့်သော ရိုဟင်ဂျာ
ဒုက္ခသည်များ နေရပ်ပြန်ရေးသည်လည်း မရေမရာဖြစ်
သွားနိုင်သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဒုက္ခသည်
စခန်းများအတွင်း ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၏
ဗိုလ်ကျစိုးမိုးမှုများကို ထိန်းချုပ်ကန့်သတ်သင့်ပြီး ထို
ကိစ္စများနှင့်ပတ်သက်၍ အေအေတပ်ဖွဲ့နှင့် တွေ့ဆုံ
ဆွေးနွေးသင့်ပါသည်။ အေအေတပ်ဖွဲ့ကမူ ရခိုင်ပြည်နယ်
အတွင်းက အသိုင်းအဝိုင်းအားလုံး၏ အကျိုးစီးပွားကို
ရှေးရှု၍ တိကျခိုင်မာသော အုပ်ချုပ်ရေးယန္တရားများ
တည်ဆောက်သင့်ပါသည်။

အေအေတပ်ဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်းသို့
အပြင်းအထန် ထိုးစစ်ဆင်ခဲ့စဉ် ၂၀၂၄အစောပိုင်းတွင်
အင်အားလျော့နည်းလာသည့် မြန်မာစစ်တပ်သည်
လူနည်းစုရိုဟင်ဂျာများကို ၎င်း၏စစ်သားများနှင့်အတူ
လက်နက်ကိုင်၍ တိုက်ပွဲဝင်ရန် စည်းရုံးသိမ်းသွင်းခဲ့
သည်။ စစ်တပ်က ရိုဟင်ဂျာများကို ၎င်း၏လက်ဝေခံ
ပြည်သူ့စစ်များအဖြစ် အတင်းအဓမ္မ သွတ်သွင်းခဲ့သလို
ရပ်ရွာခေါင်းဆောင်များနှင့် ပူးပေါင်း၍လည်း မိမိသဘော
ဖြင့် လက်နက်ကိုင်လိုသူ ရိုဟင်ဂျာများအား စည်းရုံး၍လူ
သစ်စုခဲ့သည်။ အံ့အားသင့်ဖွယ် အလှည့်အပြောင်းတစ်ခု
မှာ မြန်မာစစ်တပ်က ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များနှင့်
ပင် အပေးအယူလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့များသည်
ရိုဟင်ဂျာများ၏ အခွင့်အရေးအတွက်ဟုဆိုကာ ယခင်
က မြန်မာစစ်တပ်ကို လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့
သည့် အဖွဲ့အစည်းများဖြစ်သည်။ ထိုသို့ ရိုဟင်ဂျာများ
ကို လက်နက်တပ်ဆင်ပေးသည့်လုပ်ရပ်က အေအေ
တပ်ဖွဲ့၏ ရခိုင်ပြည်နယ်အတွင်း စစ်မြေပြင်အောင်ပွဲ
များနှင့် အင်အားကြီးထွားလာမှုကို စစ်တပ်က မည်သို့
မျှ မတားဆီးနိုင်သည်ကို ပြသလျက်ရှိသည်။ ရိုဟင်ဂျာ
အများအပြားက မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်
ရန် ငြင်းဆန်ခဲ့ကြသည်။ သို့သော် အေအေတပ်ဖွဲ့၏ ရို
ဟင်ဂျာများအပေါ် ထားရှိသည့် သဘောထားနှင့် ၎င်း
တို့အပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု
များကြောင့် လက်ရှိတွင် အေအေတပ်ဖွဲ့သည် မြန်မာ
စစ်တပ်ထက်စာလျှင် ၎င်းတို့အတွက် ပို၍အန္တရာယ်ရှိ
သည့် အဖွဲ့အစည်းဖြစ်ကြောင်း ရိုဟင်ဂျာအများအပြား
က ပြောင်းလဲ၍ရှုမြင်ကြသည်။

မောင်တောမြို့နယ်ကို အေအေတပ်ဖွဲ့က မသိမ်းပိုက်မီ
ကတည်းကပင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များသည်
၎င်းတို့၏ သဘောထား၊ ရပ်တည်ချက်များကို ပြန်လည်
ပြင်ဆင်ညှိနှိုင်းခဲ့ကြသည်။ အေအေတပ်ဖွဲ့က မောင်တော
မြို့နယ်ကို ၂၀၂၄၊ ဒီဇင်ဘာလတွင် သိမ်းပိုက်ခဲ့ရာ ထိုချိန်
မှစ၍ ရခိုင်မြောက်ပိုင်းတစ်ခွင်သည် စစ်တပ်ကင်းစင်
နယ်မြေများ ဖြစ်လာသည်။ ယမန်နှစ်၊ နိုဝင်ဘာတွင် ၎င်း
တို့အကြား "သင့်မြတ်ရေး" သဘောတူညီချက်တစ်ခု
ရယူခဲ့ကြပြီး နောက်တစ်လတွင် ရိုဟင်ဂျာလက်နက်ကိုင်
တပ်များသည် ဒုက္ခသည်စခန်းများ၌ လူအများအပြား
ပါဝင်သည့် "ညီညွတ်ရေး"လူစုဝေးပွဲတစ်ရပ် ကျင်းပခဲ့
သည်။ ရခိုင်မြောက်ပိုင်းအား အင်အားသုံး၍ ပြန်လည်
သိမ်းပိုက်ရေးတွင် ပါဝင်ကြရန် ၎င်းတို့က ထိုလူစုဝေး

WWW.CRISISGROUP.ORG

ပွဲသို့ တက်ရောက်လာသည့် ရိုဟင်ဂျာများအား စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ထိုသို့စည်းရုံးမဲဆွယ်ရာတွင် လူအများထောက်ခံမှုရရှိစေရန် ဘာသာရေးခေါင်းဆောင်များ၏ အင်အားကိုအသုံးပြုခဲ့ပြီး "မယုံကြည်သူများအပေါ်" ဆင်နွှဲသည့် "ဂျီဟတ်စစ်ပွဲ"အဖြစ် ထိုအဖွဲ့များက ပုံဖော်ပြောဆိုခဲ့ကြသည်။ မကြာသေးခင်အထိ ရိုဟင်ဂျာဒုက္ခသည်အများအပြားသည် ၎င်းတို့၏ အကြမ်းဖက်၊ အနိုင်ကျင့်၊ ဗိုလ်ကျမှုများကြောင့် ထိုလက်နက်ကိုင်တပ်ဖွဲ့များကို မနှစ်မြို့ကြပေ။ သို့သော်လည်း ဒုက္ခသည်များအကြား အေအေတပ်ဖွဲ့အပေါ် အပြင်းအထန်မလိုလားမှုနှင့် နေရပ်ပြန်ရေး မရေမရာဖြစ်လာမည်ကို စိုးရိမ်မှုများကြောင့် ဒုက္ခသည်စခန်းများသည် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များအတွက်မူ လူသစ်စုဆောင်းရာ စိမ်းလန်းသော စားကျက်ပြင်ကြီးသဖွယ် ဖြစ်လာသည်။

နှစ်ပေါင်းများစွာကတည်းက ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များနှင့်သာမက အေအေတပ်ဖွဲ့နှင့်ပါ အဆက်အဆံရှိသည့် ဘင်္ဂလားဒေ့ရှ်လုံခြုံရေးအေဂျင်စီများကမူ ရိုဟင်ဂျာအဖွဲ့များ၏ "ညီညွတ်ရေး" လှုပ်ရှားမှုကို ထောက်ခံသည်။ ဒုက္ခသည်စခန်းများတွင် အကြမ်းဖက်မှုများကိုလျှော့ချရန် ရည်ရွယ်သည်ဟု အခိုင်အမာဆိုသော်လည်း ထိုလုံခြုံရေးအေဂျင်စီများက ဒုက္ခသည်များကို ပြန်လည်လက်ခံရန် အေအေတပ်ဖွဲ့အား ဖိအားပေးရာတွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များကို လက်ကိုင်တုတ်အဖြစ် အသုံးချခြင်း ဖြစ်နိုင်သည်။ ထိုလုံခြုံရေးအေဂျင်စီများသည် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များအား ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များပေးအပ်ခြင်းရှိ၊ မရှိ အတိအကျမသိရပေ။ သို့သော် ထိုအဖွဲ့များနောက်ကွယ်တွင် ၎င်းတို့ရှိနေခြင်းသည် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အေအေတပ်ဖွဲ့အကြား မကြာသေးမီကမှ စတင်ခဲ့သည့် ထိတွေ့ဆက်ဆံမှုများအတွက် အဟန့်အတားဖြစ်စေသည်။ လက်ရှိတွင် အေအေတပ်ဖွဲ့သည် ၂၀၁၇က ရိုဟင်ဂျာများ စွန့်ခွာခဲ့သည့် ၎င်းတို့၏ နေရပ်ဒေသများအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်း တစ်ခုလုံးကို ထိန်းချုပ်ထားပြီဖြစ်သည်။

တစ်ချိန်တည်းတွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များသည် ရခိုင်ပြည်နယ်အတွင်း အေအေတပ်ဖွဲ့ကို စတင်တိုက်ခိုက်နေပြီဖြစ်ကာ နယ်စပ်ဒေသများရှိ ဒုက္ခသည်စခန်းများတွင် တပ်သားသစ်များကို စစ်သင်တန်းပေးနေသည်။ စတင်ခဲ့ပြီဖြစ်သော ထိုပုန်ကန်မှုသာ ပိုမိုပြင်းထန်လာပါက ရိုဟင်ဂျာအရပ်သားများ၊ အေအေတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရ စသည့် အကျိုးစီးပွား ဆက်နွှယ်သူအားလုံးအတွက် ဆုတ်ယုတ်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။ ထို့ပြင် ထိုတိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်အတွင်း လူများစု ဗုဒ္ဓဘာသာဝင်များနှင့် လူနည်းစုရိုဟင်ဂျာမွတ်စလင်များအကြား သွေးထွက်သံယို ပဋိပက္ခများ တစ်ဖန်ပြန်လည် ဖြစ်ပွားလာနိုင်သည့်အပြင် ပို၍များပြားသော ရိုဟင်ဂျာများ  ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်ရနိုင်ခြေလည်း ပိုမိုမြင့်မားလာသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များကို ထောက်ပံ့သည်ဟု အေအေက ယူဆလာနိုင်သဖြင့် ဒါကာအစိုးရနှင့် အေအေအကြား ဆက်ဆံရေးတွင် အဖုအထစ်များ ရှိလာနိုင်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းက ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်ရေးအတွက် အနှစ်သာရပြည့်ဝသည့် လုပ်ဆောင်ချက်များတွင် အေအေတပ်ဖွဲ့သည် မဖြစ်မနေ လက်တွဲရမည့် ရှောင်လွှဲ၍မရနိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်လာသည်။ သို့ဖြစ်ရာ ၎င်းနှင့်အေအေကြားက ဆက်ဆံရေးသာ ပျက်ယွင်းသွားပါက ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဒုက္ခသည်များနေရပ်ပြန်ရေးငန်းစဉ်အတွက် ကြီးမားသော ဆုတ်ယုတ်မှုတစ်ခု ဖြစ်လာနိုင်သည်။

အေအေတပ်ဖွဲ့ကို ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုများသည် မြန်မာပြည်အတွင်း လူ့အသိုင်းအဝိုင်းများက ရိုဟင်ဂျာများအပေါ် သဘောထားနှင့် ရှုမြင်ပုံများကို ပြောင်းလဲသွားစေနိုင်ပြီး ၎င်းတို့အတွက် နိုင်ငံသားဖြစ်ခွင့်အပါအဝင် အခြေခံ လူ့အခွင့်အရေးများ ခံစားရရှိရေးကြိုးပမ်းမှုများကို အချည်းနှီးဖြစ်စေနိုင်သည်။ အေအေတပ်ဖွဲ့သည် စစ်တပ်

ကို ဒုက္ခအပေးနိုင်ဆုံး ဆန့်ကျင်ဘက် အင်အားစုများအနက် အဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွန်းလာသည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ၎င်းအပေါ်ထောက်ခံမှုက မြင့်တက်နေသည်။ အေအေတပ်ဖွဲ့ကို ဆန့်ကျင်ခြင်းဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲ၏ "မှားယွင်းသောဘက်"က ရပ်တည်ကြောင်း မြန်မာပြည်ရှိ လူအများအပြားက ယူဆလာနိုင်ဖွယ်ရှိသည်။ ထို့ပြင် ရိုဟင်ဂျာများအပေါ် ပြည်သူလူထုက အသိအမှတ်ပြု၊ လက်ခံလာနိုင်သည့် အလားအလာများကိုလည်း ထိခိုက်စေသည့်အပြင် ၎င်းတို့အား ပိုမိုဖိနှိပ်ရန် ခြိမ်းခြောက်မှုများမြင့်တက်နိုင်ကာ ခွဲခြားဆက်ဆံသည့် နိုင်ငံသားဖြစ်မှုဥပဒေကို ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများလည်း အချည်းနှီးသာ ဖြစ်သွားပေလိမ့်မည်။

အေအေတပ်ဖွဲ့၊ ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား သုံးပွင့်ဆိုင်ယုံကြည်မှုတည်ဆောက်ခြင်းသည် လက်ရှိယိုယွင်းနေသော အခြေအနေကို ပဋိပက္ခအဖြစ် အသွင်ပြောင်းသွားခြင်းမှ ကာကွယ်ရာတွင် အဓိကကျပေလိမ့်မည်။ ဘင်္ဂလားဒေ့ရှ်ယာယီအစိုးရသည် အာရက္ခတပ်တော်နှင့် ပို၍တွေ့ဆုံဆွေးနွေးသင့်ပါသည်။ ထို့ပြင် တရားဝင်မဟုတ်သော ကုန်သွယ်မှုကိုတိုးမြှင့်၍ လူသားချင်းစာနာမှုအကူအညီများ ပိုမိုပေးအပ်ပါက ရခိုင်ပြည်နယ်အတွင်း လူနေထိုင်မှုအခြေအနေများ ကောင်းမွန်လာပြီး နယ်စပ်တည်ငြိမ်မှုကို ထိန်းသိမ်းရာရောက်သဖြင့် ထိုကိစ္စရပ်များကို ဘင်္ဂလားဒေ့ရှ်အစိုးရသည် အေအေတပ်ဖွဲ့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဒါကာအစိုးရနှင့် ၎င်း၏လက်အောက်ခံ လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့များ၏ ဩဇာလွှမ်းမိုးမှုများကို ကန့်သတ်ထိန်းချုပ်ရန် လိုအပ်ပြီး စခန်းများတွင် အရပ်ဘက်ခေါင်းဆောင်များ ပေါ်ထွက်လာစေရန် အခွင့်အလမ်းများကို ဖန်တီးပေးသင့်ပါသည်။ အာရက္ခတပ်တော်ကမူ ၎င်းသည် ရခိုင်ပြည်နယ်အတွင်းက လူ့အသိုင်းအဝိုင်းအားလုံးကို တန်းတူညီမျှ အုပ်ချုပ်နိုင်ကြောင်းကို ဘင်္ဂလားဒေ့ရှ်အစိုးရသာမက ရိုဟင်ဂျာဒုက္ခသည်များမျက်မှောက်တွင်ပါ သက်သေထူရန်လိုအပ်သည်။ ထို့ပြင် လူနည်းစုရိုဟင်ဂျာများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့အကြားက မတူကွဲပြားသည့် သဘောထား၊ အမြင်များကို ပြေလည်အောင်ဖြေရှင်းရန် ဆန္ဒရှိကြောင်းလည်း ထုတ်ဖော်ပြသရန် လိုအပ်ပါသည်။ လက်ရှိတွင် အမေရိကန်အစိုးရက နိုင်ငံတကာအကူအညီများကို အကြီးအကျယ် ဖြတ်တောက်၊ လျှော့ချထားချိန်ဖြစ်သည်။ အခြားနိုင်ငံတကာအလှူရှင်များအနေဖြင့်မူ အကူအညီများ အလွန်အမင်းဖြတ်တောက်ပါက ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒဏ်ကိုအလူးအလိမ့်ခံစားရပြီးဖြစ်သည့် ဒုက္ခသည်များတွင် မျှော်လင့်ချက်မဲ့ပြီး စိတ်ပျက်မှုများ ပိုမိုနက်ရှိုင်းလာနိုင်သည့် အန္တရာယ်ကို အထူးဂရုပြုသင့်ပါသည်။

**ကော့ဘဇား၊ ဒါကာ၊ ဘရပ်ဆဲလ်၂၀၂၅၊ ဇွန်၊ ၁၈ရက်**

WWW.CRISISGROUP.ORG

အစီရင်ခံစာအပြည့်အစုံကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ပါသည်။